မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၁၅ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၁</u>

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းအား စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးတင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်ရီအေး<br>ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (စစ်ကိုင်း)<br>သမဝါယမဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (စစ်ကိုင်း)<br>သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဝင်းထွန်း<br>ဒုတိယပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူ့စွမ်းအားအရင်းအမြစ်နှင့်<br>ပညာရေးစီမံကိန်းဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး**ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိပြီး သီးသန့်ရုပ်သွင်လက္ခဏာများပါရှိသည့် အပင်မျိုးကို ဆိုသည်။

(ဂ) **အပင်မျိုးသစ်**ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံး လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာဖော်ပြနိုင်သော အပင်မျိုးကို ဆိုသည်။

(ဃ) **အပင်မျိုးမွေးမြူသူ**ဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူအား အဖိုးအခဖြင့် တာဝန်ပေးအပ်သူ လုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။

(င) **အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး**ဆိုသည်မှာ အပင်မျိုးမွေးမြူသူက မွေးမြူထုတ်လုပ်လိုက်သည့် အပင်မျိုးသစ်ကို ဤဥပဒေပုဒ်မ ၂၃ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းမျိုးမွေးမြူသူ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရန် ကာကွယ်နိုင်သည့်အခွင့်အရေးကို ဆိုသည်။

(စ) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး**ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုးမွေးမြူသူက ခံစားခွင့်ရရှိနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

(ဆ) **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း**ဆိုသည်မှာ ထပ်မံမျိုးပွားရန်အတွက် အသုံးပြုသည့် မျိုးစေ့ သို့မဟုတ် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။

(ဇ) **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ် အသုံးပြုနိုင်သော အစိတ်အပိုင်း သို့မဟုတ် ယင်းအပင်မှရရှိလာသော ထုတ်ကုန်ကို ဆိုသည်။

(ဈ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ပြုကြောင်း အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည် -

(က) အပင်မျိုးသစ်မွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့်ဆက်စပ်အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့်အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလိုပေးပို့ခြင်းနှင့်လက်ခံခြင်းများ ဆောင်ရွက်ရမည်။

(ဃ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားလာသည့်အခါ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ယင်းအပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေအရတရားစွဲဆိုရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက်ပေးနိုင်သည်။

## အခန်း (၅)
## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၁၀။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချိန်တွင် -

(က) အဆိုပါမျိုး၏ မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံအတွင်းတွင် တစ်နှစ်ထက်စော၍သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ခြောက်နှစ်ထက်စော၍သော်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်း မရှိစေရ။

(ခ) အဆိုပါမျိုး၏ ထွက်ကုန်များကို အသုံးပြု၍ ထပ်ဆင့်ထုတ်ကုန်များအတွက် ခွင့်ပြုထားမှုမရှိစေရ။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံသိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရှိရမည်။

၁၂။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့်ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့်လက္ခဏာများကို ညီညာစွာဖော်ပြနိုင်ရမည်။

၁၃။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် ယင်း၏ ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာဖော်ပြနိုင်ရမည်။

၁၄။ အပင်မျိုးသစ်ကိုအမည်ပေးရာတွင် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးရမည်။

## အခန်း (၆)
## အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း

၁၅။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များအားလုံး လျှောက်ထားနိုင်သည် -

(က) အပင်မျိုးသစ်မွေးမြူသူနိုင်ငံသားများ၊

(ခ) အပင်မျိုးသစ်မွေးမြူသူ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်ကာကွယ်ရေးအတွက် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ အပင်မျိုးသစ်မွေးမြူသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအားလုံး။

၁၆။ အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိခိုက်ခြင်းမရှိမှသာလျှင် ယင်းအပင်မျိုးမွေးမြူသူအား ရပိုင်ခွင့်အခွင့်အရေးကို လျှောက်ထားခွင့်ရှိစေရမည်။

၁၇။ အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားသူသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ဗဟိုကော်မတီသည် အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားလာသော အပင်မျိုးသစ်ကို စိုက်ပျိုးစစ်ဆေးရန် သက်ဆိုင်ရာအစိုးရဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၉။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် ဤဥပဒေပါ ပုဒ်မ ၁၀ မှ ၁၄ အထိ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေး၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၀။ အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားသူသည် အပင်မျိုးသစ်တစ်မျိုးတည်းကို အပင်မျိုးသစ်ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့်လျှောက်ထားခဲ့ပြီး မြန်မာနိုင်ငံတွင် ထပ်မံလျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေးအခွင့်အရေးများ ခံစားခွင့်ရရှိစေရမည်။

၂၁။ ဗဟိုကော်မတီသည် အောက်ပါအခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီကာကွယ်ပိုင်ခွင့်ပေးအပ်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည် -

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်းကို အတည်ပြုပြီးနောက် စမ်းသပ်စစ်ဆေးစဉ် ကာလအတွင်း ယင်းမျိုးသစ်ကို စီးပွားဖြစ်အသုံးချနိုင်ရန် အလို့ငှာ ယာယီကာကွယ်နိုင်သည့် အခွင့်အရေးကို ခံစားခွင့်ပေးအပ်ခြင်း၊

(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့်လျှောက်ထားခြင်းမှာ ခိုင်လုံမှုမရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စိစစ်တင်ပြချက်အရ ကာကွယ်ခွင့်လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းခံရပါက ယာယီကာကွယ်ခွင့်အား ရုပ်သိမ်းခြင်း။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ယာယီကာကွယ်ခွင့်ကို ခံစားခွင့်ရရှိသူသည် ယင်းကာလအတွင်း ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ယာယီကာကွယ်ခွင့်အား ရုပ်သိမ်းခံရပြီး ယင်းအခြေအနေများသည် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား နစ်နာမှုတစ်စုံတစ်ရာရှိခဲ့ပါက ယင်းထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးဆောင်စေရမည်။

## အခန်း (၇)

## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးနှင့် ရပိုင်ခွင့်ကိုကာကွယ်နိုင်သည့် အခြေအနေများ

၂၃။ မည်သူမဆို ပုဒ်မ ၂၈ နှင့် ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါကိစ္စရပ်များအတွက် အသုံးချဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည် -

(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(ဂ) ရောင်းချရန်ကမ်းလှမ်းခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊

(င) ပြည်ပမှ တင်သွင်းခြင်း၊

(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ငန်းများဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

၂၄။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ၎င်း၏ရပိုင်ခွင့်များကို ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

၂၅။ ပုဒ်မ ၂၈ နှင့် ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူသည် ၎င်း၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားအစိတ်အပိုင်းများကို တစ်စုံတစ်ဦးက အသုံးပြု စိုက်ပျိုးထုတ်လုပ်ရာတွင် ရပိုင်ခွင့်မရရှိခဲ့လျှင် အပင်၏ ရိတ်သိမ်းနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ရိတ်သိမ်းပြီး အပင်တစ်ပင်လုံးအား ပုဒ်မ ၂၃ ပါ ကိစ္စရပ်များလုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များကို သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြထားသော ရပိုင်ခွင့်ကိုမရရှိခဲ့လျှင် ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ ထုတ်ကုန်များနှင့်ပတ်သက်၍ ပုဒ်မ ၂၃ ပါကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များအား သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၇။ အပင်မျိုးသစ်အတွက် ပုဒ်မ ၂၃၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ မျိုးများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည် -

(က) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်မှတိုက်ရိုက် ထပ်ဆင့်မွေးမြူရရှိသည့်မျိုးများ၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်နှင့်သိသာစွာ ကွဲပြားခြားနားခြင်း မရှိသည့်မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့် မျိုးများ။

၂၈။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ် ကာကွယ်နိုင်သည့် အခွင့်အရေးမှ မဖြစ်မနေ ကင်းလွတ်ခွင့်ပေးရမည် -

(က) စီးပွားဖြစ်မဟုတ်သော စိုက်ပျိုးထုတ်လုပ်ခြင်း၊

(ခ) သုတေသနစမ်းသပ်မှုအတွက် အသုံးပြုခြင်း၊

(ဂ) နည်းဥပဒေတွင် ခွင့်ပြုထားသည့် ပမာဏအရ တောင်သူအချင်းချင်းမျိုးဖလှယ်ခြင်း၊

(ဃ) ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းထားသည့်မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးသစ်ရရှိရန်အတွက် မျိုးမွေးမြူခြင်းလုပ်ငန်းတွင် အသုံးချခြင်း။

၂၉။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ် ကာကွယ်နိုင်သည့် အခွင့်အရေး မရှိစေရ -

(က) အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကို တင်ပို့ရောင်းချရာတွင် ကာကွယ်ခွင့်ရရှိထားသော ယင်းမျိုးသစ်ကို ထပ်မံမျိုးပွားမှုမရှိခြင်း၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို စားသုံးရန်အတွက်သာ တင်ပို့ခြင်း။

၃၀။ ပုဒ်မ ၂၈ နှင့် ၂၉ တို့ပါ ကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့် အများပြည်သူ၏ အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကာကွယ်ခြင်းကို ကန့်သတ်ချက် မရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ ကုန်ထုတ်လုပ်မှု စည်းမျဉ်း သတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်းခြင်း မရှိစေရ။

၃၂။ ကုန်ထုတ်လုပ်မှုစည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများသည် မည်သည့်အခြေအနေတွင်မျှ ဤဥပဒေ၏ အကျိုးသက်ရောက်မှုကို ထိခိုက်ခြင်းမရှိစေရ။

၃၃။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြားအပင်မျိုးသစ်များအတွက် အနှစ် ၂၀ သတ်မှတ်သည်။

## အခန်း (၈)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း

၃၄။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်စေရမည် -

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်ပြီးနောက်ပိုင်း ပုဒ်မ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်ပြီးနောက်ပိုင်း အပင်မျိုးမွေးမြူသူတင်ပြရမည့် မျိုးသစ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ကနဦးစိစစ်မှုများအရ အပင်မျိုးမွေးမြူသူ၏ ကာကွယ်ပိုင်ခွင့် အခွင့်အရေးကို အမှန်ရရှိသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အကြောင်းများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။

၃၆။ အောက်ဖော်ပြပါ အခြေအနေများတွင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကာကွယ်နိုင်သည့် အခွင့်အရေးကို ရုပ်သိမ်းရမည် -

(က) ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များကို ရေရှည်ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ်ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို နည်းဥပဒေပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြနိုင်မှု မရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ၎င်း၏ရပိုင်ခွင့် အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။

၃၇။ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့်အခြေအနေများတွင်မျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ရုပ်သိမ်းခြင်းမရှိစေရ။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၁၀ သိန်းမှ အများဆုံးငွေဒဏ် ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၀)
## အထွေထွေ

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထား များဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံး၏ ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၁။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေများကို ခံစားခွင့် ရှိသည်။

၄၂။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများကို လျှောက်ထားသူက ပေးဆောင်စေရမည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး ရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခွန်အခများကို သတ်မှတ်ပေးရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆။)အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဗ) ၌ ပါရှိသော "transportation or imprisonment for a term exceeding six months." ဆိုသည့်စကားရပ်ကို "transportation or imprisonment for life or imprisonment for a term of unlimited period or imprisonment for a term exceeding six months as provided in the relevant Law:" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဗ) ၏ နောက်၌ ပုဒ်မခွဲငယ် (ဘ)၊ (မ) နှင့် (ယ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(x) "transportation for life" means the imprisonment for a term of twenty years:

(y) "Court of Session" in this Code means a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court; and

(z) "Magistrate" means any judge who is empowered by the Code of Criminal Procedure to take evidence and pronounce a judgement in any criminal proceeding."

၃။ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"6. Besides the Supreme Court of the Union and Courts constituted under any law other than this Code for the time being in force, there shall be three classes of criminal Courts in the Republic of the Union of Myanmar, namely: -

I. - High Courts of the Region or High Courts of the State:

II. - Courts of the Self-Administered Division or Courts of the Self- Administered Zone or District Courts:

III. - Township Courts."

၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၈ ၏ ဥပမာမှအပ ယင်းပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"28. Subject to the other provisions of this Code, any offence under the Penal Code may be tried -

(a) by the Supreme Court of the Union, or

(b) by a High Court of the Region or a High Court of the State, or

(c) by a Court of the Self-Administered Division or a Court of the Self- Administered Zone or a District Court, or

(d) by any other Court by which such offence is shown in the eighth column of the second schedule to be triable."

၅။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၉၉-ခ၊ ၉၉-ဂ၊ ပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (၁) နှင့် (၃)၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၈၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၈၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၂၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၃၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၃၃၉-က၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က)၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၄၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)၊ ပုဒ်မ ၃၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၄၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၄၈၊ ပုဒ်မ ၃၆၄၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၁၀၊ ပုဒ်မ ၄၆၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၆၉၊ ပုဒ်မ ၄၇၆၊ ပုဒ်မခွဲ (၁) ခြွင်းချက်၊ ပုဒ်မ ၄၇၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၇၉၊ ၄၈၅၊ ၄၈၇၊ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၂၇၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၉-က၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၄၆-က၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၆၂၊ ပုဒ်မ ၅၆၅၊ ပုဒ်မခွဲ (၁) နှင့် (၄) တို့၌ပါရှိသော "the High Court" ဆိုသည့် စကားရပ်နှင့် "High Court" ဆိုသည့် စကားရပ်တို့ကို "a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၅၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၄၂၅၊ ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၂၇၊ ပုဒ်မ ၄၂၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၃၄၊ ပုဒ်မခွဲ (၁) နှင့် (၂)၊ ပုဒ်မ ၄၃၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၃၆၊ ၄၉၇၊ ပုဒ်မ ၄၉၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၀၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၅၁၂၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၁၆၊ ပုဒ်မ ၅၁၇၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၂၆၊ ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၅) နှင့် (၆-က)၊ ပုဒ်မ ၅၆၁-က တို့၌ ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၉-စ၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၇၄၊ ပုဒ်မ ၃၇၅၊ ပုဒ်မခွဲ (၁)၊ (၂) နှင့် (၃)၊ ပုဒ်မ ၃၇၆၊ ၃၇၇၊ ၃၇၉၊ ၃၈၀၊ ၃၈၂၊ ပုဒ်မ ၄၂၄၊ ပုဒ်မ ၄၉၁၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၅၈ တို့၌ပါရှိသော "High Court" ဆိုသည့်စကားရပ်ကို "Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ ၃၃၉၊ ပုဒ်မခွဲ (၃) ၏နောက်တွင် အောက်ပါခြွင်းချက်ကို ဖြည့်စွက်ရမည် -
"Provided that, this sub-section shall not apply to such deposition made before the Supreme Court of the Union, or a High Court of the Region or a High Court of the State."

၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၁ တွင် -

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) The Supreme Court of the Union may pass any sentence authorized by law."

(ခ) ပုဒ်မခွဲ (၂) ၌ပါရှိသော "A Sessions Judge or Additional Sessions Judge" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State or a District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "such Judge" ဆိုသည့်စကားရပ်ကို "such Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (၁) ခေါင်းစဉ်၌ပါရှိသော "Courts of Magistrates" ဆိုသည့် စကားရပ်ကို "Courts of Judges" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) ၌ ပါရှိသော "two years" ဆိုသည့်စကားရပ်ကို "three years" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) ၌ ပါရှိသော "Whipping" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ) ၌ ပါရှိသော "six months" ဆိုသည့်စကားရပ်ကို "one year" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "two hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(င) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ) ၌ ပါရှိသော "one month" ဆိုသည့်စကားရပ်ကို "three months" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "fifty kyats" ဆိုသည့်စကားရပ်ကို "thirty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ တွင်ပါရှိသော "transportation for a term exceeding seven years of imprisonment" ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၈၃၊ ၃၉၆၊ ၃၉၇၊ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၅၁၂၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၆၅၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော "transportation" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၄၆၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၃၈၂ နှင့် ပုဒ်မ ၅၆၂၊ ပုဒ်မခွဲ (၁) တို့၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်တို့၏နောက်တွင် "or imprisonment for life or imprisonment for a term of unlimited period or imprisonment for a term of twenty years as provided in the relevant Law" ဆိုသည့် စကားရပ်ကို အသီးသီးဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၄၉၇၊ ပုဒ်မခွဲ (၁) ၌ပါရှိသော "with transportation for life" ဆိုသည့်စကားရပ်၏ နောက်တွင် "or with imprisonment for life or with imprisonment for a term of unlimited period or with imprisonment for a term of twenty years as provided in the relevant Law:" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၂)၊ (၃-က) နှင့် (၃-ခ)၊ ပုဒ်မ ၃၅၉၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၃၊ ပုဒ်မ ၃၇၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၄၀၆ တတိယအပိုဒ်၊ ပုဒ်မ ၄၁၀ နှင့် ပုဒ်မ ၅၅၉၊ ပုဒ်မခွဲ (၃) တို့တွင် ပါရှိသော "Sessions Judge" ဆိုသည့် စကားရပ်ကို "District Judge" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၃-ခ) တွင် ပါရှိသော "Additional Sessions Judge" ဆိုသည့်စကားရပ်ကို "Additional District Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Assistant

Sessions Judge" ဆိုသည့်စကားရပ်ကို "Deputy District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၁၀ ၌ ပါရှိသော "Additional Sessions Judge" ဆိုသည့် စကားရပ်ကို "Additional District Judge or Deputy District Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၅၉၊ ပုဒ်မခွဲ (၃) ၌ ပါရှိသော "Additional or Assistant Sessions Judge" ဆိုသည့် စကားရပ်ကို "Additional District Judge or Deputy District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၀၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "before him," ဆိုသည့်စကားရပ်၏ နောက်တွင် "or when a report and relevant documentary evidence is submitted, if such property is not physically and easily produceable" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၈ တွင်ပါရှိသော "sessions division:" ဆိုသည့် စကားရပ်ကို "other local area:" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "Additional Sessions Judges" ဆိုသည့် စကားရပ်ကို "Additional District Judges" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Assistant Sessions Judges" ဆိုသည့် စကားရပ်ကို "Deputy District Judges" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Sessions Judge" ဆိုသည့်စကားရပ်ကို "District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "division" ဆိုသည့် စကားရပ်ကို "district" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁) ဒုတိယအပိုဒ်၊ ပုဒ်မခွဲငယ် (ခ)၊ (ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၁၃ တို့တွင်ပါရှိသော "one hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "fifty kyats" ဆိုသည့်စကားရပ်ကို "thirty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င)တို့တွင်ပါရှိသော "fifty kyats" ဆိုသည့်စကားရပ်ကို "thirty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၉၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၁၃ နှင့် ပုဒ်မ ၄၁၄ တွင်ပါရှိသော "two hundred kyats" ဆိုသည့်စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈၀၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၄၈၂၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈၈၊ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၄၈၉၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "one hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၂၅ တွင်ပါရှိသော "ten kyats" ဆိုသည့်စကားရပ်ကို "one thousand kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၅၂၆၊ ပုဒ်မခွဲ (၆-က) တွင်ပါရှိသော "two hundred and fifty kyats" ဆိုသည့် စကားရပ်ကို "twenty-five thousand kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ (၁) ဒုတိယအပိုဒ်၊ ပုဒ်မခွဲငယ် (ည) ကို ပယ်ဖျက်ရမည်။

၁၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၅၊ ပုဒ်မခွဲ (၅-က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(5A) The Supreme Court of the Union or a High Court of the Region or a High Court of the State or a District Court acting in the exercise of its powers of revision under section 439 may allow any person to compound any offence which he is competent to compound under this section."

၁၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) As the evidence of each witness taken under section 356 is completed, it shall be read over to him in the presence of the accused, if in attendance, or of his pleader, if he appears by pleader, and shall, if necessary, be corrected and such evidence taken down shall be signed by the witness on every page."

၁၉။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၅ တွင် "The High Court" ဆိုသည့်စကားရပ်ကို "The Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "the Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၂၀။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄ နှင့် ၃၉၅ တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၃၉၆ ၌ပါရှိသော "or whipping" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၄၀၆ ဒုတိယအပိုဒ်ကို ပယ်ဖျက်ရမည်။

၂၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"408. Any person convicted on a trial held by a Township Judge or an Additional Township Judge or a Deputy Township Judge may appeal to a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court."

၂၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"409. An appeal to a Court of the Self-Administered Division or the Court of a Self-Administered Zone or a District Court shall be heard by the District Judge or by a Additional District Judge or Deputy District Judge as the District Judge may make over to him."

၂၃။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၄၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"411. Any person convicted on a trial held by a High Court of the Region or a High Court of the State, may appeal to the Supreme Court of the Union."

၂၄။ ပုဒ်မ ၄၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"417.(a) An Advocate General of the Region or an Advocate General of the State may direct the Public Prosecutor to present an appeal to a High Court of the Region or a High Court of the State from an original or appellate order of acquittal, or order of acquittal in revision case passed by any subordinate Court of the said High Court.

(b) The Attorney General of the Union may direct the Public Prosecutor to present an appeal to the Supreme Court of the Union from any of the following orders passed by a High Court of the Region or a High Court of the State: -

(1) order of acquittal in original case or in appeal case;

(2) order of acquittal in revision case;

(3) dismissal order on appeal against acquittal."

၂၅။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၅ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "Sessions Judge or District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁) ၌ ပါရှိသော "or any Sub-divisional Magistrate empowered by the President of the Union in this behalf," ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ရှင်းလင်းချက်ကို ပယ်ဖျက်ရမည်။

၂၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ တွင် ပါရှိသော "Sessions Judge" ဆိုသည့်စကားရပ်ကို "District Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၇ တွင်ပါရှိသော "the Sessions Judge or District Magistrate" ဆိုသည့်စကားရပ်ကို "the District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the Court of Session" ဆိုသည့်စကားရပ်ကို "the District Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၄) နှင့် ပုဒ်မ ၄၄၂ တို့တွင်ပါရှိသော "the High Court, the State or Divisional Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State or a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၉။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) ၏ ဒုတိယအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -
"Provided that no person shall be admitted to bail under this section, unless the Attorney General of the Union or an Advocate-General of the Region or an Advocate-General of the State or Public Prosecutor, as the case may be, has had an opportunity of being heard."

၃၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၆-က တွင် ပါရှိသော "is produced" ဆိုသည့်စကားရပ်၏ နောက်တွင် "or when a report and relevant documentary evidence is submitted, if such property is not physically and easily produceable" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ တွင်ပါရှိသော "any property or document produced before it" ဆိုသည့် စကားရပ်ကို "any property or document produced before if or exhibit submitted to it under a report and other relevant documentary evidence, if such exhibit is not physically and easily produceable before it" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၁ တွင် ပါရှိသော "sessions division," နှင့် "sub-division" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၃၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၉ တွင် -

(က) "the High Court" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "or any Commissioner to administer oaths in England or Ireland, or any Magistrate authorized to take affidavits or affirmations in Scotland" ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၃၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၅၄၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(1) The Supreme Court of the Union may make rules for the inspection of subordinate Courts."

၃၅။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ တွင် -

(က) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) စာတိုင် ၂ ၌ ပါရှိသော ပုဒ်မ ၁၂၀-ခ နှင့်သက်ဆိုင်သည့် “transportation or” ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၂၂၂ နှင့် ၂၂၅ တို့နှင့်သက်ဆိုင်သည့် “transportation or” ဆိုသည့်စကားရပ်ကိုလည်းကောင်း အသီးသီးပယ်ဖျက်ရမည်။

(ဂ) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ ပါရှိသော ပုဒ်မ ၅၁၁ နှင့်သက်ဆိုင်သည့် “transportation or” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) စာတိုင် ၇ ၌ပါရှိသော ပုဒ်မ ၁၂၄-က နှင့်သက်ဆိုင်သည့် “or for any term and fine, or imprisonment of either description for three years and fine,” ဆိုသည့်စကားရပ်ကို “and fine or imprisonment of either description for seven years and fine,” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၌ပါရှိသည့် “transportation for life, or transportation” ဆိုသည့်စကားရပ်ကို “imprisonment for a term of twenty years” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(စ) စာတိုင် ၂ ၌ ပါရှိသော ပုဒ်မ ၂၂၅ စတုတ္ထအပိုဒ်၌ပါရှိသည့် “transportation for life, or to transportation” ဆိုသည့်စကားရပ်ကို “imprisonment for a term of twenty years” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၃၇၊ ပုဒ်မ ၁၄၀၊ ပုဒ်မ ၁၇၂ ပထမအပိုဒ်၊ ပုဒ်မ ၁၇၃ ပထမအပိုဒ်၊ ပုဒ်မ ၁၇၄ ပထမအပိုဒ်၊ ပုဒ်မ ၁၇၅ ပထမအပိုဒ်၊ ပုဒ်မ ၁၇၆ ပထမအပိုဒ်၊ ပုဒ်မ ၁၈၀၊ ၁၈၄၊ ၁၈၆၊ ပုဒ်မ ၁၈၇ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၇၇၊ ၂၇၈၊ ၂၇၉-က၊ ၃၃၄၊ ၃၃၆၊ ၃၄၁၊ ၃၅၂ နှင့် ၄၄၇ တို့နှင့်သက်ဆိုင်သည့် “500 kyats” ဆိုသည့်စကားရပ်ကို “50,000 kyats” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဇ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၃ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၅ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၆ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၇ ပထမအပိုဒ်၊ ပုဒ်မ ၁၇၈၊ ၁၇၉၊ ၁၈၂၊ ၁၈၃၊ ပုဒ်မ ၁၈၈ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၈၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၃၊ ၃၃၇၊ ၃၄၂၊ ၃၅၇ နှင့် ၄၄၈ တို့နှင့်သက်ဆိုင်သည့် “1,000 kyats” ဆိုသည့်စကားရပ်ကို “100,000 kyats” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဈ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၆၀ တွင်ပါရှိသည့် “100 kyats” ဆိုသည့် စကားရပ်ကို “10,000 kyats” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ည) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၇၁၊ ၁၈၅၊ ပုဒ်မ ၁၈၇ ပထမအပိုဒ်၊ ပုဒ်မ ၁၈၈ ပထမအပိုဒ်၊ ပုဒ်မ ၂၆၃-က၊ ၂၈၃၊ ၂၉၀၊ ၃၅၈ နှင့် ၄၉၁ တို့တွင် ပါရှိသည့် “200 kyats” ဆိုသည့်စကားရပ်ကို “20,000 kyats” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဋ) ရာဇသတ်ကြီးပုဒ်မ ၁၇၁-စ ၏ ခြွင်းချက်နှင့်သက်ဆိုင်သည့် စာတိုင် ၁ မှ စာတိုင် ၈ အထိပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဌ) ပုဒ်မ ၂၂၆ နှင့်သက်ဆိုင်သည့် စာတိုင် ၁ မှ စာတိုင် ၈ အထိ ပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဍ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၃၃၅ နှင့်သက်ဆိုင်သည့် “2,000 kyats” ဆိုသည့်စကားရပ်ကို “200,000 kyats” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပ) စာတိုင် ၅ ၌ ပါရှိသော ပုဒ်မ ၄၀၆ နှင့်သက်ဆိုင်သည့် “Not bailable” ဆိုသည့်စကားရပ်ကို “Bailable” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဏ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၄၁၇ နှင့် သက်ဆိုင်သည့် ထောင်ဒဏ် "1 year" ဆိုသည့် စကားရပ်ကို "3 years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(တ) စာတိုင် ၂ ၌ ပါရှိသော ပုဒ်မ ၄၂၇ နှင့်သက်ဆိုင်သည့် "50 kyats" ဆိုသည့်စကားရပ်ကို "5,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၈ တွင်ပါရှိသည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၉ တွင် ပါရှိသည့် "50 kyats" ဆိုသည့်စကားရပ်ကို "5,000 kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၃၅ တွင်ပါရှိသည့် "100 kyats" ဆိုသည့်စကားရပ်ကို "10,000 kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ထ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၄၇၁ နှင့်သက်ဆိုင်သည့် "the Government of India" ဆိုသည့် စကားရပ်ကို "the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဒ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၅၁၀ နှင့်သက်ဆိုင်သည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဓ) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class" ဆိုသည့်စကားရပ်၏နောက်တွင် "or second class" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(န) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class or second class" ဆိုသည့် စကားရပ်ကို "Any Magistrate" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂ တွင် အခြားဥပဒေများကို ကျူးလွန်သူများ ခေါင်းစဉ်အောက်ရှိ စာတိုင် ၂၊ ပထမအပိုဒ်၌ပါရှိသော "transportation" ဆိုသည့် စကားရပ်၏နောက်တွင် "or imprisonment for life or imprisonment for a term of unlimited period" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

## ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေး ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ
# (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခကြေးငွေ**ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်သမား၏ စွမ်းဆောင်ရည် ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်က အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ်သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့ မပါဝင် -

(၁) ခရီးစရိတ် သို့မဟုတ် ခရီးသွားလာမှုအတွက် အထူးထောက်ပံ့စရိတ်များ၊

(၂) လုပ်ငန်းသဘာဝအရ နှစ်ဖက်ကြိုတင် ညှိနှိုင်းထား၍ ခေတ္တစိုက်ထုတ်ကျခံ သုံးစွဲငွေများ၊

(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကြေးများ၊

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အလုပ်သမားအတွက် ပေးသွင်းသည့် ထည့်ဝင်ကြေးများ၊

(၅) နေထိုင်ခနှင့်စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အခွန်အခများ၊

(၆) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊

(၇) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊

(၈) ပင်စင်လစာနှင့် အငြိမ်းစားလုပ်သက်ဆုငွေ၊

(၉) ဝန်ကြီးဌာနက ဤဥပဒေပါ အခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားငွေကြေးများ။

(ခ) **အလုပ်ရှင်**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ကန်ထရိုက်တာသည်လည်းကောင်း၊ အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန်တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏ အမွေဆက်ခံသူနှင့် တရားဝင်ကိုယ်စားလှယ်တို့သည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်သမားခေါင်း မပါဝင်။

(ဂ) **အလုပ်သမား**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်

ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ကာယဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်ကို လုပ်ကိုင်၍ ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့်ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေး ဝန်ထမ်းများ၊ သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေး အလုပ်သမား၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သားတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)
## အခကြေးငွေပေးရမည့် နည်းလမ်းများနှင့် အချိန်ကာလ

၃။ အလုပ်ရှင်သည် -

(က) မိမိ၏ လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့် ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့် ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ) အခကြေးငွေပေးချေရာတွင် -

(၁) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးချေရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့် ဖြစ်စေ၊ အလုပ်သမား၏ ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ဖြစ်စေ ပေးချေနိုင်သည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ ပေးချေနိုင်သည်။ ထိုသို့ပေးချေခြင်းသည် အလုပ်သမားနှင့် ယင်းမိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ် တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးချေသည့် တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

(ဂ) အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀) အတွက် အခကြေးငွေ ထုတ်ပေးရမည်။

၄။ အလုပ်ရှင်သည် -

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုအတွက် သော်လည်းကောင်း၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်တစ်ခုအတွက်သော်လည်းကောင်း အလုပ်ပြီးဆုံးသည့်အခါ ဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေ ပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) အရ အခကြေးငွေပေးချေရန် အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလ အပိုင်းအခြားသည် တစ်လထက် မကျော်စေရ။

(ဂ) အမြဲတမ်းအလုပ်အတွက် အခကြေးငွေကို လစဉ်ပေးချေရမည်။ ထိုသို့ပေးချေရာတွင်-

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။

(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပါက အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် နောက်အကျဆုံး ငါးရက်အတွင်း ပေးချေရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှရပ်စဲခြင်း ခံရသည့်နေ့မှ အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း ပေးချေရမည်။

(င) အလုပ်သမားက အလုပ်ရှင်ထံကြိုတင်အကြောင်းကြားစာပေးပို့၍ မိမိဆန္ဒအရ အလုပ်မှ နုတ်ထွက်ပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။

(စ) အလုပ်သမား သေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း သေဆုံးသူ၏ တရားဝင် အမွေဆက်ခံသူထံသို့ ပေးချေရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးချေရမည်။

၅။ အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့ရက်သို့ ပြောင်းလဲပေးချေမည် ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုသင့်ပါက ဝန်ကြီးဌာန၏ သဘောတူညီ ချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်ပြီး သင့်လျော်သော အချိန်ကာလအတွင်း ရွှေ့ဆိုင်းပေးချေရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာ ဥပဒေအရ အခကြေးငွေ ခံစားခွင့်ရှိသည့် ခွင့်ရက်များနှင့် အများပြည်သူ အလုပ် ပိတ်ရက်များမှအပ အလုပ်မဆင်းသည့် ကာလအတွက် အခကြေးငွေမှ နုတ်ယူ ဖြတ်တောက် နိုင်သည်။

(ခ) အခကြေးငွေတွင် ပါဝင်ခြင်းမရှိသည့် အလုပ်ရှင်မှ စီစဉ်ပေးသည့် နေထိုင်ခနှင့် ပို့ကြိုယာဉ်စရိတ်၊ စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့် အလုပ်သမားက ပေးဆောင်ရမည့် ဝင်ငွေခွန်၊ မှားယွင်း၍ ပိုပေးမိသော အခကြေးငွေများကို နုတ်ယူဖြတ်တောက်နိုင်သည်။

(ဂ) အလုပ်သမား၏ တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ၊ အလုပ်သမားအတွက် စုငွေ သို့မဟုတ် ဥပဒေအရ ထည့်ဝင်ကြေးငွေတစ်ရပ်ရပ်ကို အခကြေးငွေမှ နုတ်ယူ ဖြတ်တောက် နိုင်သည်။

(ဃ) တရားရုံး သို့မဟုတ် ခုံသမာဓိကောင်စီ သို့မဟုတ် ခုံသမာဓိ အဖွဲ့၏ ဆုံးဖြတ်ချက်အရ အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူ ဖြတ်တောက်နိုင်သည်။

၈။ အလုပ်ရှင်သည် ပုဒ်မ ၇ နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ မည်သည့်ကိစ္စအတွက်မျှ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူ ဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့်အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၁ အရ ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း မပြုမီ မည်သည့်ကိစ္စအတွက် မည်သို့မည်မျှ ဖြတ်တောက်မည်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ခွင့်ပြုချက်ကို သက်ဆိုင်ရာ အလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ဂ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန် ဒဏ်ငွေမှာ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန်ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှုတန်ဖိုးထက်မပိုစေရ။

(ဃ) ပုဒ်မ ၁၁ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင်-

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့် တစ်စုံတစ်ရာ မပေးဘဲ ထိုအခကြေးငွေမှ နုတ်ယူ ဖြတ်တောက်ခြင်း မပြုရ။

(၂) အလုပ်သမား၏ လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ ရာခိုင်နှုန်းထက်ပို၍ နုတ်ယူ ဖြတ်တောက်ခြင်း မပြုရ။

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ် လုံးဝနုတ်ယူ ဖြတ်တောက်ခြင်း မပြုရ။

(စ) ချမှတ်ထားသော ဒဏ်ငွေအား ပေးချေရမည့် ကာလ သတ်မှတ်ချက်ကို အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို ဥပဒေအရ ဖွဲ့စည်းထားသည့် မြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဖြင့် ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့် ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့် ငွေနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ တရားဝင်မှတ်ပုံတင် ထားသော အလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၁။ အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ်သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည် -

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့် ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်ရှင်က အလုပ်သမားအား ထိန်းသိမ်းစောင့်ရှောက်ရန် အတိအလင်း အပ်နှံထားသည့် တာဝန်ရှိသော ပစ္စည်းနှင့်ငွေကြေးတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုသည် ထိုအလုပ်သမား၏ ပေါ့ဆမှုနှင့် မှားယွင်းမှုကြောင့် တိုက်ရိုက်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ပါ ဒဏ်ငွေ သတ်မှတ်ထားသည့် အလုပ်ခွင် စည်းကမ်းချက်တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

၁၂။ အလုပ်သမားသည် -

(က) အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေးကော်မတီကဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့ တောင်းဆိုနိုင်သည် -

(၁) ရရန်ရှိသည့် အခကြေးငွေထဲမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း၊

(၂) အခကြေးငွေများကို ပေးချေရမည့် ကာလထက် ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်း။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန်ပျက်ကွက်သည့်နေ့မှ ခြောက်လအတွင်း စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြနိုင်သည်။

၁၃။ (က) စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်များအား စစ်ဆေးပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို ကျေနပ်မှုမရှိပါက စစ်ဆေးရေးအရာရှိချုပ်ထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ (ခ) အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့် အမိန့်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၄)
## အချိန်ပို အခကြေးငွေ

၁၄။ အလုပ်သမားသည် အချိန်ပိုလုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရသတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏ တာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါ အခကြေးငွေပေးခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော စစ်ဆေးမှုများနှင့် ကြီးကြပ်မှုများ ပြုလုပ်နိုင်ရန် အလို့ငှာ စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေခွဲခြားသတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) ဤဥပဒေပါ ပြစ်မှုကျူးလွန်သော အလုပ်ရှင်အား သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၇။ စစ်ဆေးရေးအရာရှိသည် -

(က) စစ်ဆေးရေးအရာရှိချုပ်က စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့်အတိုင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန် အကျုံးဝင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး သင့်လျော်သည်ဟု ယူဆသောအချိန်တွင် ဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်သည်။ ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့် အတူ ဝင်ရောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှု စစ်ဆေးရာတွင် အခကြေးငွေ ပေးချေမှု၊ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မှုနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာအုပ်၊ မှတ်တမ်းစာအုပ်၊ စာရင်းဇယား၊ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်သည့်ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းခြင်းပြုနိုင်သည်။

(ဂ) အခကြေးငွေပေးချေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် စာရင်းဇယားများ၊ စာရွက်စာတမ်း အထောက်အထားများကို မိတ္တူရယူခြင်းနှင့် လိုအပ်ပါက မူရင်းများကို သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုနိုင်သည်။

## အခန်း (၆)
## တရားစွဲဆိုခြင်း

၁၉။ (က) စစ်ဆေးရေးအရာရှိသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာ တရားရုံးတွင် ဤဥပဒေအရ တရားစွဲဆို ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တရားစွဲဆိုခြင်းကြောင့် အလုပ်သမားက ရရန်ရှိသော အခကြေးငွေများ ရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆို တောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

(ဂ) အလုပ်သမားသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေး အရာရှိထံသို့ ဖြေရှင်းဆောင်ရွက် ပေးရန် တင်ပြခြင်းမပြုဘဲ နုတ်ယူဖြတ်တောက်ငွေနှင့် နစ်နာကြေးငွေများကို ပေးချေရန် သက်ဆိုင်ရာတရားရုံးသို့ တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။

၂၀။ တရားရုံးသည် အခကြေးငွေပေးချေရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုမှာ အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့် ဖြစ်သည်ဟု ဆုံးဖြတ်လျှင် အခကြေးငွေပေးချေခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) သဘာဝဘေးအန္တရာယ် အပါအဝင် မမျှော်လင့်သော အရေးပေါ်အခြေအနေ ပေါ်ပေါက်လာသဖြင့် အခကြေးငွေကို ပေးချေနိုင်မှု မရှိခြင်း၊

(ခ) အလုပ်ရှင်သည် ကြွေးမြီ မပေးဆပ်နိုင်သည့် လူမွဲအဖြစ် ကြေညာခံထားရသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သမားက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက်ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးချေသည့်အခကြေးငွေကို လက်ခံရယူရန် ပျက်ကွက်ခြင်း။

၂၁။ ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တရားစွဲဆိုခြင်းမပြုရ -

(က) စစ်ဆေးရေးအရာရှိထံသို့ လျှောက်ထားသည့်ကိစ္စ မပြီးပြတ်သေးခြင်း၊

(ခ) တောင်းခံလျှောက်ထားသူအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားပြီးသည့်ငွေ ဖြစ်နေခြင်း၊

(ဂ) တောင်းခံလျှောက်ထားသူအား ပေးရန်မလိုသောငွေဟု အတည်ပြုပြီးသော ငွေဖြစ်နေခြင်း။

## အခန်း (၇)
## တားမြစ်ချက်များ

၂၂။ မည်သည့်အလုပ်ရှင်မျှ ပုဒ်မ ၄၊ ၅၊ ၈၊ ၉ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်းမပြုရ။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း(၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ် ၂၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၅။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၄ အရ ပြစ်မှုစီရင်ခြင်းခံရပြီး ထိုပြစ်မှုကိုပင် ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအားပေးချေရန် အမိန့်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၇။ မည်သူမဆို အခကြေးငွေ ပေးချေခြင်း သို့မဟုတ် အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် စွပ်စွဲတိုင်ကြားကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၉)
## အထွေထွေ

၂၈။ ဤဥပဒေ ပြဋ္ဌာန်းချက်ပါ အခွင့်အရေးတစ်ရပ်ရပ်အောက် လျော့နည်း၍ချုပ်ဆိုသည့် မည်သည့် သဘောတူညီချက် သို့မဟုတ် မည်သည့် သဘောတူစာချုပ်မဆို ပျက်ပြယ်စေရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ The Payment of Wages Act ,1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

## ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။) အား ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ
# (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဆိုင်**ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝတ္ထုပစ္စည်းကို လက်ငင်းသော်လည်းကောင်း၊ အကြွေးသော် လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း လက်ကား သို့မဟုတ် လက်လီရောင်းချရန်အလို့ငှာ လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အသုံးပြုသည့် နေရာတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ဆံသလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့် အလှပြုပြင်ခြင်းလုပ်ငန်း၊ ပန်းထိမ် လုပ်ငန်း၊ ရေဒီယို၊ တီဗွီ၊ တယ်လီဖုန်းပြင်လုပ်ငန်း၊ စာအုပ်ချုပ်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဓာတ်ပုံဆိုင်၊ အပေါင်ဆိုင်၊ ထုပ်ပိုးခွဲချုပ်ဆိုင်၊ ပင်မင်းဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ စီးပွားရေးအလို့ငှာ လုပ်ကိုင်သည့် ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ်သုံး ပစ္စည်းကိရိယာများ ပြုပြင်တပ်ဆင်ခြင်း လုပ်ငန်းသည်လည်းကောင်း၊ ဝန်ကြီးဌာနကအမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့်အကျုံးဝင်သည့် နေရာတစ်ခုခုသည်လည်းကောင်းပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာန၊ အလုပ်ရုံ သို့မဟုတ် စက်မှုလက်မှုအလုပ်ဌာနတို့ မပါဝင်။

(ခ) **ကုန်သွယ်အလုပ်ဌာန**ဆိုသည်မှာ ကြော်ငြာလုပ်ငန်း၊ ကော်မရှင်လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်း၊ ကုန်သွယ်ရေး ကိုယ်စားလှယ်လုပ်ငန်းများ ဆောင်ရွက်သည့် အလုပ်ဌာန တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် စက်မှုလက်မှုအလုပ်ဌာန သို့မဟုတ် ကုန်သွယ်လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်၊ အကျိုးဆောင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ပုဂ္ဂလိကအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိက ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊

ကျန်းမာရေးလေ့ကျင့်မှု အားကစားရုံ၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခ ကောက်ခံသည့် ဂိတ်များသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် ကုန်သွယ်အလုပ်ဌာနဟု သတ်မှတ်သည့်နေရာသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ဆိုင် သို့မဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန မပါဝင်။

(ဂ) **အများပျော်ရွှင်ရေးအလုပ်ဌာန**ဆိုသည်မှာ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ဧည့်ခံဖျော်ဖြေပွဲများ ကျင်းပသည့်ခန်းမ၊ ဗီဒီယိုရုံ၊ ကာရာအိုကေရုံ၊ ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ်အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေကစားကွင်း၊ ပန်းခြံ၊ ဥယျာဉ်၊ ကလေးကစားကွင်းတို့ကို ဆိုသည်။

(ဃ) **စက်မှုလက်မှုအလုပ်ဌာန**ဆိုသည်မှာ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် အကျုံးမဝင်သော စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

(င) **အလုပ်ဌာန**ဆိုသည်မှာ ကုန်သွယ်အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာန၊ စက်မှုလက်မှု အလုပ်ဌာနအပြင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် အလုပ်ဌာနအဖြစ် ကြေညာထားသည့် အခြားအလုပ်ဌာနများကို ဆိုသည်။

(စ) **အလုပ်ရှင်**ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနကို ပိုင်ဆိုင်သူ သို့မဟုတ် အုပ်ချုပ်သူ သို့မဟုတ် အဆိုပါ ဆိုင် သို့မဟုတ် အလုပ်ဌာနကို အရပ်ရပ် စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လွှဲပြောင်းရရှိသူကို ဆိုသည်။

(ဆ) **မန်နေဂျာ**ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနတွင် အလုပ်ရှင်ကိုယ်စား ဤဥပဒေပါကိစ္စ အလို့ငှာ ဆုံးဖြတ်ဆောင်ရွက်ရန် အလုပ်ရှင်က တရားဝင်ခန့်ထား၍ စစ်ဆေးရေးအရာရှိထံသို့ နို့တစ်စာ ပေးပို့ထားသူကို ဆိုသည်။

(ဇ) **အလုပ်သမား**ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနဖြစ်လျှင် ထိုလုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝ ဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုသည်။ ထို့အပြင် ထိုအလုပ်ဌာနတွင် စာရေး၊ စာပို့သူ၊ ငွေထိန်း၊ အစောင့်၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ထမင်းချက် အဖြစ် အလုပ်လုပ်သူတို့လည်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်ရှင်သော် လည်းကောင်း အလုပ်ရှင်နှင့် အတူနေထိုင်၍ အလုပ်ရှင်အပေါ် မှီခိုနေသည့် အလုပ်ရှင်၏ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ မိဘ၊ ညီအစ်ကို (အရင်း) သို့မဟုတ် မောင်နှမ (အရင်း) တို့ မပါဝင်ချေ။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဋ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန်သတ်မှတ်ရန်၊

(ခ) လုပ်ခမှန်ကန်စွာရရှိရန်၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရန်၊

(ဃ) ကျန်းမာရေးအတွက် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်၊

## အခန်း (၃)
## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို ဝန်ထမ်းဖွဲ့စည်းပုံနှင့် အညီ ခန့်အပ်နိုင်သည်။

၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော အောက်ပါလုပ်ပိုင်ခွင့်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် စစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည် -

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေသတ်မှတ် တာဝန်ပေးနိုင်ခြင်း၊

(ခ) တစ်ရက်လျှင် ၂၄ နာရီဖွင့်လှစ်လုပ်ကိုင်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာနများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူ မည်သူကိုမဆို တရားစွဲဆိုရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တရားစွဲဆိုခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ တစ်ဦးဦးသည် -

(က) မိမိအားခန့်ထားသည့် နယ်နိမိတ်အတွင်းရှိ ဆိုင်နှင့်အလုပ်ဌာနဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်နေရာသို့ ဤဥပဒေပါကိစ္စများအလို့ငှာ စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီးဝင်ရောက်နိုင်သည်။ ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ရမည်။ ထိုနေရာရှိ မှတ်တမ်းများနှင့် စာရွက်စာတမ်း အထောက်အထားများ၊ အီလက်ထရောနစ် စနစ်သုံးမှတ်တမ်း၊ အကြောင်းကြားစာများကို ကြည့်ရှုစစ်ဆေးရမည့်အပြင် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့် စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများရယူခြင်း၊ ကူးယူခြင်းနှင့် အခြားလိုအပ်သော စစ်ဆေးမေးမြန်းခြင်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဤဥပဒေအရ အကျုံးဝင်သက်ဆိုင်သော ဆိုင်နှင့် အလုပ်ဌာန၏ မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ သို့မဟုတ် ခေတ်မီနည်းပညာသုံး အခြားအထောက်အထားများကို လိုအပ်ပါက သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းနိုင်သည်။

(ဂ) သို့ရာတွင် မည်သူ့ကိုမျှ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် အဖြေကို ပေးရမည်ဟူ၍လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍လည်းကောင်း ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့် မရှိစေရ။

## အခန်း (၄)
## အလုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

၇။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနများကို သာမန်အားဖြင့် ည ၁၁ နာရီနှင့် နံနက်ငါးနာရီကြားပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီအချိန်တွင် ဆိုင်၌ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှုရယူနေသူအား အဆိုပါ အချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလအပိုင်းအခြား အတွင်းတွင် ရောင်းချဝန်ဆောင်မှုပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

၈။ အလုပ်ရှင်သည် -

(က) အများပျော်ရွှင်ရေးအလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေးအခမဲ့ ဗလာပွဲများကျင်းပသည့် နေရာများမှလွဲ၍ ကျန်အများပျော်ရွှင်ရေးအလုပ်ဌာနများကို နံနက်တစ်နာရီမှ နံနက်ငါးနာရီကြား ပိတ်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

၉။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များမှအပ လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာနများအတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုချက် မရရှိဘဲ ၂၄ နာရီ ဖွင့်လှစ်ခြင်း မပြုရ။

၁၀။ အလုပ်ရှင်သည် အောက်ဖော်ပြပါ ဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနများကို လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လိုပါက ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြား၍ လုပ်ကိုင်နိုင်သည် -

(က) လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်နှင့် ဘူတာရုံများရှိ ဆိုင်၊ လမ်းတံတား အသုံးပြုခကောက်ခံရေးစခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်းနှင့် ကလပ်များ၊

(ခ) ဆေးရုံ၊ ဆေးခန်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊

(ဂ) ပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် ဓာတ်ငွေ့ရည် သို့မဟုတ် ရေပေးဝေသောလုပ်ငန်း သို့မဟုတ် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အများပြည်သူအတွက် မရှိမဖြစ် လိုအပ်သောဝန်ဆောင်မှုလုပ်ငန်း၊ ဆိုင်နှင့်အလုပ်ဌာန။

၁၁။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာန၌အလုပ်လုပ်သော အလုပ်သမားတစ်ဦးကို တစ်ရက်လျှင်ရှစ်နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်ပို၍လည်းကောင်း အလုပ်မလုပ်စေရ။ သို့ရာတွင် တစ်ရက်လျှင် ရှစ်နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်ပို၍ လည်းကောင်း အလုပ်သမား၏ သဘောဆန္ဒရယူ၍ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ကိုင်နိုင်သည်။

(ခ) အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည် မည်သည့်ရက်သတ္တပတ်၌မဆို ၁၂ နာရီထက် မပိုစေရ။ သို့ရာတွင် အထူးကိစ္စရပ်အနေဖြင့် လိုအပ်ချက်ရှိပါက ရက်သတ္တပတ်၌ ၁၆ နာရီထက် မပိုစေရ။ ထို့ပြင် ညဥ့်သန်းခေါင် ၁၂ နာရီထက် ကျော်လွန်လုပ်ကိုင်ခြင်းမပြုရ။

၁၂။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုတွင် လုပ်ကိုင်သော အလုပ်သမားတစ်ဦးဦးကို မည်သည့်နေ့ရက်၌မဆို အနည်းဆုံး မိနစ် ၃၀ အနားမပေးဘဲ တစ်ဆက်တည်း လေးနာရီထက်ပို၍ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။ ထို့အပြင် နားချိန်နှင့် အလုပ်လုပ်ချိန် စုစုပေါင်းသည် ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနအတွက် ဖြစ်ပါက အချိန်ပိုနှင့် နားချိန် တစ်နာရီအပါအဝင် တစ်ရက်လျှင် ၁၁ နာရီထက် မပိုစေရ။

(ခ) အစောင့်၊ လုံခြုံရေးအဖြစ်ဖြင့် အလုပ်လုပ်သူတို့အတွက် ပုဒ်မခွဲ (က) ပါ အနားယူရန် အားလပ်ချိန်မပေးဘဲ နေနိုင်သည်။

၁၃။ (က) အသက် ၁၄ နှစ်မပြည့်သေးသော မည်သူ့ကိုမဆို ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(ခ) ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အသက် ၁၆ နှစ် မပြည့်သေးသူအား သတ်မှတ်အလုပ်ချိန်ထက် ကျော်လွန်၍ အချိန်ပိုလုပ်ခွင့်မပြုရ။

၁၄။ (က) အသက် ၁၄ နှစ်ပြည့်ပြီး အသက် ၁၆ နှစ်မပြည့်သေးသူများကို အလုပ်လုပ်ရန်သင့်လျော်ကြောင်း လက်မှတ်ထုတ်ပေးခွင့်ရှိသည့် တာဝန်ခံဆရာဝန်၏ ခွင့်ပြုချက်ရယူ လုပ်ကိုင်စေနိုင်သည်။ သို့ရာတွင် တစ်ရက်လျှင် လေးနာရီထက်ပို၍ လုပ်ကိုင်ခွင့်မပြုရ။

(ခ) အသက် ၁၄နှစ်ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ညဉ့်ခြောက်နာရီမှ နံနက်ခြောက်နာရီ အချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။

(ဂ) အသက် ၁၄နှစ်ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုတွင် အလုပ်လုပ်ပြီးသောရက်၌ အခြားဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ခိုင်းစေခြင်းမပြုရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။

(ဃ) အသက် ၁၈ နှစ်မပြည့်သေးသော မည်သည့် အလုပ်သမားကိုမျှ အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တွင် အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(င) အသက် ၁၈ နှစ် မပြည့်သေးသော်လည်း အသက် ၁၆ နှစ် ပြည့်ပြီးသူများအနက်မှ သက်ဆိုင်ရာ လုပ်ငန်းအလိုက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက် အောင်မြင်ပြီးသူဖြစ်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို နားလည်သိရှိ လိုက်နာနိုင်သူဖြစ်ခြင်း၊ ကျန်းမာကြံ့ခိုင်သူဖြစ်ခြင်းတို့နှင့် ပြည့်စုံသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ဓာတ်ကိုမထိခိုက်စေနိုင်သည့် လုပ်ငန်းများတွင် အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် ထုတ်ပေးသည့် ဆရာဝန်၏ ထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၅။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့်အလုပ်ဌာနအသီးသီး၌ ရက်သတ္တပတ်လျှင်အနည်းဆုံးတစ်ရက်ကို အလုပ်သမားနားရက် အဖြစ် သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)ပါ နားရက်တစ်ရက်အတွက် ထိုအလုပ်သမား၏ ရသင့်သော အခကြေးငွေကို ဖြတ်တောက်ခြင်းမပြုရ။

၁၆။ အလုပ်ရှင်သည် ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ အခကြေးငွေပေးရန် ကာလ အပိုင်းအခြားကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ခုနစ်ရက်ထက်နောက်ကျ၍ ထုတ်ပေးခြင်းမပြုရ။

၁၇။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ သဘောတူညီချက်အရ အချိန်ပိုလုပ်ရလျှင် အချိန်ပိုနာရီအလိုက် သတ်မှတ်ချက်နှင့်အညီ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) အရ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေခြင်းမပြုဘဲ အချိန်ပိုခိုင်းစေခြင်းမပြုရ။

## အခန်း (၅)
## အလုပ်သမားများ၏ တာဝန်များ

၁၈။ အလုပ်သမားသည် -

(က) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မပျက်စီး၊ မပျောက်ပျက်၊ မလေလွင့်အောင် ထိန်းသိမ်းရမည်။

၁၉။ အလုပ်သမားသည် -

(က) မိမိလုပ်ကိုင်ရန် သတ်မှတ်ထားသည့် လုပ်ငန်းပမာဏကို ပြည့်မီစေရန်နှင့် တိုးတက်စေရန် ကာယ၊ ဉာဏစွမ်းအား ရှိသမျှ စိုက်ထုတ်လုပ်ကိုင် ဆောင်ရွက်ရမည်။

(ခ) ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအလုပ်ရှင်ထံ ဥပဒေနှင့်အညီ စနစ်တကျ တင်ပြတောင်းဆိုရမည်။

## အခန်း (၆)
## အလုပ်ရှင်၏ တာဝန်များ

၂၀။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုကို စတင်ဖွင့်လှစ်ခြင်း၊ နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းတို့ကို ပြုလုပ်သည့်နေ့ရက်မှစ၍ ၁၀ ရက်အတွင်း သတ်မှတ်ထားသော ပုံစံဖြင့် စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးထားသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

၂၁။ အလုပ်ရှင်သည် ဤဥပဒေပါကိစ္စရပ်များအလို့ငှာ -

(က) ထားရှိရမည့်စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်ထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို စစ်ဆေးရေးအရာရှိက ကြည့်ရှုစစ်ဆေးနိုင်ရန် စီစဉ်ထားရှိရမည်။

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့် အညီ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်၊ အလုပ်ရှင်ဖြစ်ကြောင်း အထောက်အထား သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများကို စစ်ဆေးရေးအရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

၂၂။ အလုပ်ရှင်သည် လုပ်ငန်းခွင်တွင် မြင်သာသောနေရာ၌ အလုပ်လုပ်ရန် ကာလအပိုင်းအခြားနို့တစ်စာကို ချိတ်ဆွဲထားရမည်။

၂၃။ အလုပ်ရှင်သည် အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများကို အသိပေးထားရမည်။

## အခန်း (၇)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

၂၄။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတိုင်းတွင် အောက်ပါတို့ကို လိုက်နာရမည် -

(က) သန့်ရှင်းရေး၊ အနံ့အသက်ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေးတို့အတွက် ကောင်းမွန်စွာ စီမံထားရမည်။

(ခ) လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် လုံလောက်သော အလင်းရောင်ရရှိစေရန် စီမံထားရမည်။

(ဂ) သတ်မှတ်ထားသည့် ဆူညံသံထက် မပိုစေရန် စီမံထားရမည်။

(ဃ) အပူချိန်လွန်ကဲမှု မရှိစေရန်နှင့် မီးဘေး ကြိုတင်ကာကွယ်ရေးကို စီမံဆောင်ရွက်ထားရမည်။

(င) အလုပ်သမားများအတွက် ရှေးဦးသူနာပြုဆေးသေတ္တာနှင့် ဆေးဝါးများကို သတ်မှတ်ချက်များနှင့် အညီ လုံလောက်စွာ စီမံထားရမည်။

## အခန်း (၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၅။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၆။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၉၊ ၁၀ နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၃ နှင့် ၁၄ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံးကျပ် ၇၅ သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သည့်အလုပ်ရှင်နှင့် အလုပ်သမားမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံ၍ကျူးလွန်သည့် ပြစ်မှုအတွက် သတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်၏ နှစ်ဆအထိ ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၃၂။ (က) အလုပ်သမားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလုပ်ရှင်က ဖောက်ဖျက်ကျူးလွန်သည့် နေ့ရက်မှ သုံးလအတွင်း စစ်ဆေးရေးအရာရှိထံ အကြောင်းကြားစာ ပေးပို့၍ တိုင်ကြားနိုင်သည်။

(ခ) စစ်ဆေးရေးအရာရှိသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို လက်ခံရရှိပါက လိုအပ်သလို စစ်ဆေး၍ မှန်ကန်မှုရှိလျှင် စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် အလုပ်ရှင်အား တရားစွဲဆိုရမည်။

(ဂ) ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို စစ်ဆေးရေးအရာရှိက တိုင်တန်းသည့်အခါမှတစ်ပါး မည်သည့် တရားရုံးကမျှ အရေးယူပိုင်ခွင့် မရှိစေရ။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက အလုပ်ရှင် သို့မဟုတ် မန်နေဂျာအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးရေးအရာရှိက တရားစွဲဆိုနိုင်သည်။

၃၄။ ဤဥပဒေသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) လမ်းဘေးပျံကျဆိုင်၊

(ခ) အခါအားလျော်စွာပြုလုပ်သော အများပြည်သူဆိုင်ရာ ပြပွဲများ၌ ရောင်းချသောဆိုင်၊

(ဂ) ယာယီမျှသာ ကျင်းပသောပွဲများတွင် တည်ခင်းသည့် အများပျော်ရွှင်ရေး အလုပ်ဌာန၊ ဆိုင်။

၃၅။ (က) ဖက်စပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင် ဆိုင် သို့မဟုတ် အလုပ်ဌာနများတွင် ဖက်စပ်ပါဝင်သူများ သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင် မည်သူ့ကိုမဆို အလုပ်ရှင်ဟု သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက်တစ်ဦးဦးကို ဤဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်း၊ ထိုဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့က စစ်ဆေးရေးအရာရှိထံသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်သည့်အပြင် ထိုပုဂ္ဂိုလ်သည် စစ်ဆေးရေးအရာရှိက ၎င်း၏ အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်အချိန်ထိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အများပိုင်မဟုတ်သော ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အစုစပ်ပါဝင်သူ တစ်ဦးဦးကိုဖြစ်စေ အလုပ်ရှင်အဖြစ်သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီသော်လည်းကောင်း၊ အစုစပ်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်လည်းကောင်း ဥပဒေပါကိစ္စများ အလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃၆။ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေအာဏာတည်သည့် နေ့ရက်တွင် တည်ဆဲဖြစ်သော အခြားဥပဒေအရသော်လည်းကောင်း၊ ပဋိညာဉ်အရသော်လည်းကောင်း၊ ဓလေ့ထုံးစံအရသော်လည်းကောင်း အလုပ်သမားများခံစားခွင့်ရှိသည့် အခွင့်အရေးသည် ဤဥပဒေဖြင့် ထိုသူအား ပေးအပ်ထားသော အခွင့်အရေးထက် သာလွန်ကောင်းမွန်ပါက ခံစားခွင့်ရရှိနေသော မူလအခွင့်အရေးကို ရရှိခံစားစေရမည်။

၃၇။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၃၉။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## ကြေညာချက်အမှတ် (၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက် )

### နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း

၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## ကြေညာချက်အမှတ် (၂/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက် )

### ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း

၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါပုဂ္ဂိုလ် နှစ်ဦးအား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ယင်းတို့ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည် -

| | **အမည်** | **မဲဆန္ဒနယ်** | **ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့် အစုအဖွဲ့** |
|---|---|---|---|
| ၁။ | ဦးမြင့်ဆွေ | - | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |
| ၂။ | ဦးဟင်နရီဗန်ထီးယူ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) | ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |

(ပုံ) မန်းဝင်းခိုင်သန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အောက်ပါပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးရန်လင်း | ကျိုက်လတ်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုး | ချောင်းဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစောထွန်း | မုဒုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းထူး | နမ့်ဆန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးတိုးရွှေ (ခ) ဒေါက်တာတင်ဌေးအောင် | ရေစကြိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာသန်းအောင်စိုး | မင်းလှမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးခွန်သန်းထူး | ဆီဆိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းသန့်ဇင် | သီပေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်မြင့် | ရပ်စောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးရွှေကို | ကျောက်ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးမိုးရွှေ | ပူတာအိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးမြင့်ဝေ | ဂွမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးခင်မောင်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမောင်မောင်ဦး | အင်းစိန်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီသည် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(ဂ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

**ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပညာရေးမြှင့်တင်မှုကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာတင်အောင် | ကျောက်ဆည်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဆလိုင်းရီယန်းဇဲလ်<br>(ခ) ဆလိုင်းရန်းဇယ် | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာမောင်သင်း | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစောကျော်ဝင်းမောင် | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးတင်လှ | ခနောင်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးရွှေလှ (ခ) ဦးရွှေလှဝင်း | သဃ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမျိုးညွန့် | ဟုမ္မလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးစိန်ဟန် | ကံမမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းအောင် | မိုးမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမြင့်ထွန်း | တန့်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်ငွေ | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနန်မွန်ထင် | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးကျော်ရွှေ | ရမ်းဗြဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်စိုးမြင့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးခမ်ခန့်ထန် | တွန်းဇံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီသည် -

(က) ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ ပညာရေးတိုးတက်စေရေးတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရေးတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(င) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )

## ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဦးစံရွှေဝင်း | ရေကြည်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် | ပြည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာဒေါ်သန်းဌေ | တောင်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဦးခင်ဆောင် | ကျိုက်ထိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာဒေါ်ခင်ညို | ဒေးဒရဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာဦးသန်းဝင်း | မြောက်ဥက္ကလာပမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်ဦး | သနပ်ပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာဦးစိန်မြအေး | ဒလမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ဖြူဖြူသင်း | မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစိုးပိုင်ဌေး | မြိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းဆမ် | မိုင်းယန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးအာမိုးဆီ | ခေါင်လန်ဖူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်သောင်းရွှေ | ဘူးသီးတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီး မြင့်ဟန် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးအောင်ခင် | ပြင်ဦးလွင်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါကသက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏ တာဝန်များ

၅။ ကော်မတီသည် -

(က) ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ပြည်သူတို့၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမည်။

(ဂ) ပြည်သူများ၏ ကျန်းမာရေးတွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းရန်ရှိပါက လေ့လာ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ဃ) အားကစားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြ အစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

